## Highlights from DVB Debate’s Youth and Elections

## October 17, 2015

## “How will Burma’s Youth Vote?”

“ကျနော်တို့ဆီမှာ တပြည်နယ်လုံးက  ရွေးကောက်ပွဲကျင်းပမယ့်နေရာ ၄၀၀ မှာ ၂၀၀ ကျော် ဖျက်သိမ်းခံရတယ်။ ကိုယ့်ဒေသ၊ ကိုယ့်နယ်မြေကို ကိုယ်စားပြုမယ့် လူငယ်ကိုယ်စားလှယ်လောင်းတွေ အများကြီးလိုပါတယ်။”

ဦးလွမ်းဇောင်း - ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ကချင်ဒီမိုကရက်တစ်ပါတီ

---

“လူငယ်တွေအနေနဲ့ ရွေးကောက်ပွဲမှာ မဲပေးတဲ့ အခြေအနေတင်မဟုတ်ဘူး ကိုယ်တိုင် ဝင်ရောက် ရွေးကောက်ခံနိုင်တဲ့ အနေအထားအထိ ရောက်အောင် ကြိုးစားရမယ်။”

ဦးသူရိန်ရွှေ - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

---

“ကျနော်ရွေးကောက်ပွဲမှာနိုင်ခဲ့ရင် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်တွေ ချိတ်ဆက်ပြီး လွှတ်တော်တွေ အသက်ဝင်အောင်လုပ်မယ်။ တိုင်းဒေသကြီးလွှတ်တော်တွေ ပြည်နယ်လွှတ်တော်တွေက ပြီးခဲ့တဲ့အချိန်တွေမှာ ရှိတယ်လို့ မထင်ရလောက်အောင် အသက်ဝင်မှုအားနည်းခဲ့တယ်”

ဦးနေဘုန်းလတ် - တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

“အခုအခြေအနေတွေဟာ ပြီးခဲ့တဲ့နှစ်တွေကထက်စာရင် တည်ဆောက်ရေးကာလဖြစ်နေပါပြီ. တော်လှန်ရေးကာလမဟုတ်တော့ပါဘူး။ လူငယ်တွေအနေနဲ့လည်း ကိုယ့်မြို့ရွာ၊ ဒေသအတွက်အကျိုးရှိမယ့်သူတွေ ရွေးချယ်ဖို့ အကြံပေးချင်တယ်၊”

ဒေါ်မေသူသူအောင် - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

“ကျနော်တို့ရနေတဲ့ အစိုးရက အရမ်းကိုယုံကြည်စိတ်ချရတဲ့ အစိုးရမျိုးရနေရင်တော့ တော်လှန်ရေးဆိုတာ မလိုဘူးပေါ့. ဒါပေမယ့် အခုကာလက တော်လှန်ရေးနဲ့တည်ဆောက်ရေးတွဲသွားနေရဆဲပါ”

ဦးနေဘုန်းလတ် - တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

“UNFPAရဲ့သန်းခေါင်စာရင်းစစ်တမ်းတွေထဲမှာ ၅၀ ဒသမ ၁ ရာနှုန်းက လူငယ်ဦးရေ.မြန်မာနိုင်ငံရဲ့Policy making ထဲမှာ လူငယ်တွေ ပါကို ပါရမယ်. သူတို့နိုင်ငံရေးမှာ စိတ်ဝင်စားအောင်လည်း လုပ်ရမယ်”

ဦးလွမ်းဇောင်း - ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ကချင်ဒီမိုကရက်တစ်ပါတီ

-----------------------

“လူငယ်တွေရဲ့ အလုပ်အကိုင်အခွင့်အလမ်း စတာတွေပဲ ပြောနေကြသလိုပဲ လူငယ်ကိုယ်စားလှယ်လောင်းတွေ လွှတ်တော်ထဲရောက်သွားရင် ကလေးသူငယ်တွေရဲ့ ကိစ္စတွေ ဥပမာ ကလေးလုပ်သား၊ လမ်းပေါ်ရောက်နေရတဲ့ ကလေးတွေကိစ္စရော ဘာတွေလုပ်ပေးမှာလဲ သိချင်ပါတယ်”

မဇင်သူအောင် - လူငယ်မဲဆန္ဒရှင်တဦး

---

“ကျနော်ပြည်နယ်မှာ အနိုင်ရခဲ့ရင် ပင်လုံကတိကဝတ်ကို ပြန်အသက်သွင်းမယ်၊ ကချင်ပြည်နယ်လွှတ်တော် ထဲကနေ လူငယ်တွေအသံ၊ တိုင်းရင်းသားတွေအသံကို ဖော်ထုတ်မယ်၊ ဆောင်ရွက်မယ်”

ဦးလွမ်းဇောင်း - ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း၊  ကချင်ဒီမိုကရက်တစ်ပါတီ

---

“အခု လူငယ်ကိုယ်စားလှယ်လောင်းတွေအနေနဲ့အသက် ၂၅ နှစ်ပြည့်မှ လွှတ်တော်ထဲ ရောက်ရမယ့် ကိစ္စတွေကို ဘယ်လောက်အထိ လျှော့ချပေးနိုင်မလဲ”

ကိုကျော်ဇောဝင်း - အဝေးသင်ကျောင်းသားများကွန်ရက်

---